<u>**MPT ဖိမ်ဖိမ်ပရိုမိုးရှင်းအတွက် စည်းကမ်းချက်များ**</u>

MPT ဖိမ်ဖိမ် ပရိုမိုးရှင်း (“**ပရိုမိုးရှင်း**”) တွင် ပါဝင်ဆောင်ရွက်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ယခုစာမျက်နှာတွင် ရှင်းလင်းဖော်ပြထားပါသည်။ ဤပရိုမိုးရှင်းအစီအစဉ်ကို အောက်တွင် ဖော်ပြထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (“**MPT**”၊ “**ကျွန်ုပ်တို့မှ**” ၊ “**ကျွန်ုပ်တို့ကို**” ၊ “**ကျွန်ုပ်တို့၏**”) မှ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများမှတဆင့် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဤပရိုမိုးရှင်းတွင် ပါဝင်ခြင်းအားဖြင့် ဤစည်းကမ်းချက်များနှင့်တကွ သက်ဆိုင်ရာစည်းမျဉ်းများ၊ မူဝါဒများနှင့် ဆက်နွယ်လျှက်ရှိသည့်စည်းကမ်းချက်များ (စုပေါင်း၍ “**စည်းကမ်းချက်များ**”) အား လူကြီးမင်းအနေဖြင့် ဖတ်ရှုနားလည် သဘောတူလက်ခံပြီးဖြစ်ကြောင်း ဖော်ညွှန်းသက်ရောက်စေမည်ဖြစ်ပါသည်။

ဤစည်းကမ်းချက်များအား အချိန်မရွေး ပြင်ဆင်သွားမည်ဖြစ်ပါသည်။ စည်းကမ်းချက်များအား ပြင်ဆင်ပြီးနောက် လူကြီးမင်းအနေဖြင့် ဤအစီအစဉ်တွင် ဆက်လက်ပါဝင်ဆောင်ရွက်ခြင်းသည် ပြင်ဆင်ပြီးဖြစ်သည့် စည်းကမ်းချက်များအား လက်ခံလိုက်နာခြင်းအဖြစ် အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။

## ၁။ ပရိုမိုးရှင်း အစီအစဉ်

၁.၁။ ဤစည်းကမ်းချက်များတွင် လူကြီးမင်းအား အတိအလင်းပေးအပ်ထားခြင်းမရှိသည့် အခွင့်အရေးများ အားလုံးကို ကျွန်ုပ်တို့ (သို့မဟုတ်) ကျွန်ုပ်တို့လိုင်စင်ရသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့်အရေးရရှိထားသူများ (သို့မဟုတ်) အခြားသောဝန်ဆောင်မှုပေးသူများမှ သီးသန့်ထိန်းသိမ်းထားရှိပါသည်။ လူကြီးမင်းအနေဖြင့် ဤစည်းကမ်းချက်များနှင့် ဥပဒေပြဌာန်းချက်များအရ ခွင့်ပြုထားသည့်အတိုင်းအတာ အထိသာလျှင် ဤပရိုမိုးရှင်း၌ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားသောအသုံးပြုမှုများအားလုံးကို အတိအလင်း တားမြစ်ထားမည်ဖြစ်ပါသည်။

၁.၂။ MPT အနေဖြင့် ဤပရိုမိုးရှင်း၌ လူကြီးမင်း၏ ပါဝင်ဆောင်ရွက်ခြင်း (သို့မဟုတ်) ဝင်ရောက်အသုံးပြုခြင်းအား ခွင့်ပြုပေးရန် အမြဲတစေ (သို့မဟုတ်) ခေတ္တယာယီ သဘောမျိုးဖြင့် ရပ်ဆိုင်းခြင်း (သို့မဟုတ်) ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ငြင်းဆန်ခြင်းတို့အား MPT ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စာဖြင့်ရေးသား အသိပေး အကြောင်းကြားခြင်းမရှိဘဲနှင့်သော်လည်းကောင်း၊ အကြောင်းပြချက်တစ်စုံတစ်ရာပေးရန် တာဝန်မရှိဘဲနှင့်သော် လည်းကောင်း ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် လူကြီးမင်းသည် ဤအစီအစဉ် တွင်ပါရှိသော ကျန်ရှိသည့်စည်းကမ်းစည်းကမ်းများအား လိုက်နာရန်လိုအပ်သည့် အတိုင်းအတာအထိ ဤစည်းကမ်းချက်များနှင့် ဆက်လက်အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။

၁.၃။ ဤပရိုမိုးရှင်း၌ လူကြီးမင်း၏ ပါဝင်ဆောင်ရွက်ခြင်းသည် အစီအစဉ်တကျဖြစ်သည့်/ အစီအစဉ် တကျမဖြစ်သည့် ဝန်ဆောင်မှုကြားဖြတ်ဆောင်ရွက်ခြင်းတို့နှင့်ကြုံတွေ့နိုင်ရဖွယ်ရှိပါသည်။ ဤပရိုမိုးရှင်းနှင့် စပ်လျဉ်း၍ အစီအစဉ်တကျဖြစ်သည့် (သို့မဟုတ်) အစီအစဉ်တကျမဟုတ်သည့် ကြားဖြတ်နှောင့်ယှက်ခြင်း၊ လိုင်းကျခြင်း (သို့မဟုတ်) ဝင်ရောက်၍မရခြင်းတို့ဖြစ်ပေါ်ခဲ့ပါက အဆိုပါဖြစ်စဉ်တို့နှင့်စပ်လျဉ်းပြီး လူကြီးမင်းအပေါ်

တွင်သော်လည်းကောင်း၊ အခြားသောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင်သော်လည်းကောင်း MPT အနေဖြင့် တာဝန်တစ်စုံတစ်ရာတင်ရှိမည်မဟုတ်သည်ကို လူကြီးမင်းအနေဖြင့် သဘောတူလက်ခံရမည်ဖြစ်ပါသည်။

၁.၄။ ဤပရိမိုးရှင်းအား လူကြီးမင်းမှ အသုံးပြုမှု (သို့မဟုတ်) အလွဲသုံးစားပြုမှု၊ အခြားအသုံးပြုသူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ (သို့မဟုတ်) ဤအစီအစဉ်နှင့်စပ်လျဥ်းသည့် လူကြီးမင်း၏ အခြားသောပြုလုပ်မှုများ (သို့မဟုတ်) ပျက်ကွက်မှုများအတွက် MPT တွင် မည်သည့်တာဝန်မျှရှိမည်မဟုတ်ပါ။

၁.၅။ MPT သည် ဤပရိမိုးရှင်းကို အကြောင်းပြချက်တစ်စုံတစ်ရာပေး၍အကြောင်းကြားရန် တာဝန်မရှိဘဲ အချိန်မရွေးဆိုင်ငံ့ခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်နိုင်သည်။

## ၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အခွင့်အရေးများ

အခြားသောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးမှ အခြားနည်းအားဖြင့် သင့်လျော်စွာဆောင်ရွက်သည့်အခါမှတပါး ဤပရိမိုးရှင်းနှင့်သက်ဆိုင်သော ဆော့ဝဲလ်၊ ပုံစံ၊ စာသား၊ ဂရပ်ဖစ်၊ သာဓကများ၊ တံဆိပ်များ၊ တီထွင်မှု မူပိုင့်ခွင်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှုအမှတ် အသားများ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံဖိုင်၊ ဗွီဒီယိုများ၊ သီချင်းနှင့် ပါဝင်သည့်အကြောင်းအရာ (စုပေါင်း၍ "**ပါဝင်သည့်အရာ**") အပါအဝင် MPT ၏ ပိုင်ဆိုင်မှု နှင့်ပတ်သက်သည့် အရာများအားလုံးနှင့် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသည့် အသိဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများအားလုံးတို့သည် MPT နှင့် MPT ၏ လိုင်စင်ရသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့်အရေး ရရှိထားသူများ (သို့မဟုတ်) အခြားသောဝန်ဆောင်မှုပေးသူများ၏ သီးသန့်ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်ပါသည်။ ဤစည်းကမ်းချက်များတွင် အတိအလင်းပြဌာန်းထားခြင်းမရှိပါက စည်းကမ်းချက်များပါ မည်သည့်ပြဌာန်းချက်ကမျှ အဆိုပါအသိဉာဏပစ္စည်းဆိုင်ရာပိုင်ဆိုင်မှုအခွင့်အရေးများနှင့်စပ်လျဥ်း၍ လိုင်စင်ချပေးခြင်း (သို့မဟုတ်) အခွင့်အရေးတစ်ခုခု ဖန်တီးပေးခြင်းရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။ လူကြီးမင်းအနေဖြင့် ဤအစီအစဉ်တွင် အသုံးပြု၍ရနိုင်သည့် အရာများ (သို့မဟုတ်) ပါဝင်သည့်အရာတို့အား ရောင်းချခြင်း၊ လိုင်စင်ပေးခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ မိတ္တူကူးယူခြင်း၊ ပြန်လည်ပွားယူခြင်း၊ ဆင့်ပွားထုတ်လုပ်ခြင်း၊ တဆင့်ထုတ်လွှင့်ခြင်း၊ အများရှေ့တွင် ပြသခြင်း၊ အများရှေ့တွင် တင်ဆက်ခြင်း၊ ထုတ်ဝေခြင်း၊ ပုံတူကူးခြင်း၊ ပြုပြင်ခြင်း (သို့မဟုတ်) တဆင့်ကူးယူဖန်တီးခြင်း စသည်တို့အား မပြုလုပ်ရန် သဘောတူညီရမည်ဖြစ်ပါသည်။ ဤစည်းကမ်းချက်များအရ အတိအလင်းခွင့်ပြုထားခြင်းမရှိသည့် အခြားရည်ရွယ်ချက်များအတွက် ပါဝင်သည့်အရာအား အသုံးပြုခြင်းကို တင်းကြပ်စွာတားမြစ်ထားပါသည်။

## ၃။ ပရိမိုးရှင်းသက်တမ်းကာလ

၃.၁။ ဤပရိမိုးရှင်းအား ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၃၀) ရက်နေ့ ("**ပရိမိုးရှင်းသက်တမ်းကာလ**") အထိ ပြုလုပ်သွားမည်ဖြစ်သည်။ MPT အနေဖြင့် ပရိမိုးရှင်းသက်တမ်းအား ၎င်း၏ ကိုယ်ပိုင်ဆန္ဒအရ လိုအပ်သလို တိုးချဲ့နိုင်ပါသည်။

## ၄။ ပါဝင်နိုင်မည့်သူများ

၄.၁။ ဤပရိုမိုးရှင်းတွင် MPT ဆင်းမ်ကတ်အား လက်ရှိမှတ်ပုံတင်ပြီးအသုံးပြုနေသူများ (MPT ၏ GSM/WCDMA နံပါတ်များအား ကြိုတင်ငွေပေးချေသည့်စနစ်ဖြင့် လက်ရှိ အသုံးပြုလျက်ရှိသည့် Swe Thahar အစီအစဥ်အသုံးပြုသူများအပါအဝင်) အားလုံးပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၅။ ဘယ်လိုပါဝင်ဆောင်ရွက်နိုင်မလဲ

၅.၁။ ဤပရိုမိုးရှင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပါဝင်ဆောင်ရွက်သူမှ အောက်ဖော်ပြပါ နည်းလမ်းတစ်ခုခုကို လုပ်ဆောင်ရပါမည်။

**(1) <u>Join & Get (စာရင်းသွင်းကာ လက်ဆောင်ယူပါ)</u>**

- ပရိုမိုးရှင်းတွင် ပါဝင်လိုသူများသည် *2026# ကိုခေါ်ဆိုခြင်း (သို့) "ZeimZeim" ဟု 1331 သို့ စာတိုပေးပို့ခြင်း (သို့) MPT4U Application မှတစ်ဆင့် အခမဲ့ စာရင်းသွင်းနိုင်ပါသည်။
- စာရင်းသွင်းမှု အောင်မြင်ပါက ပရိုမိုးရှင်း၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဒေတာဆုလက်ဆောင်များ ရရှိနိုင်မည်ဖြစ်သည်။
- ဒေတာဆုများအား လွှဲပြောင်းပေးပို့ခြင်း၊ စုထားခြင်းနှင့် တစ်ခုနှင့်တစ်ခုပေါင်းထားခြင်းတို့ကို မပြုလုပ်နိုင်ပါ။ ဆုတစ်ခုချင်းစီ၏ သက်တမ်းအလိုက် သီးခြားစီအားဖြင့် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။
- ပါဝင်သူများသည် (၇) ရက်လျှင် တစ်ကြိမ်သာ ပါဝင်ခွင့်ရှိပါသည်။ ဆုရရှိပြီးနောက် (၇) ရက်ပြည့်မြောက်ပြီးမှသာ ထပ်မံ၍ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(2) <u>Top Up & Play (ဖုန်းငွေဖြည့်ကာ ဂိမ်းကစားပါ)</u>**

- ပါဝင်သူများသည် MPT ၏ ကြိုက်နှစ်သက်ရာချန်နယ်တစ်ခုခုကို အသုံးပြု၍ ၁၀၀၀ ကျပ်နှင့်အထက် ဖုန်းငွေဖြည့်ခြင်းပြုလုပ်ပါက "Kick & Win" ဂိမ်းကို ကစားရန် အခွင့်အရေး (၁) ကြိမ်ရရှိမည်ဖြစ်ပါသည်။
- ၁၀၀၀ ကျပ် နှင့်အထက် ဖုန်းငွေဖြည့်ခြင်းအတွက် ကစားခွင့် (၁) ကြိမ်စီ ရရှိမည်ဖြစ်ပါသည်။
- အဆိုပါ "Kick & Win" ဂိမ်းအား MPT4U Application မှတစ်ဆင့် ကစားခြင်းအားဖြင့် ပရိုမိုးရှင်း၏ စည်းကမ်းချက်များနှင့်အညီ ဒေတာဆုလက်ဆောင်များ ရရှိနိုင်မည်ဖြစ်သည်။
- ကစားခွင့်တစ်ခုချင်းစီသည် ပေးအပ်သည့်နေ့၏ ည ၂၃:၅၉:၅၉ အချိန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။
- ဒေတာဆုများအား လွှဲပြောင်းပေးပို့ခြင်း၊ စုထားခြင်းနှင့် တစ်ခုနှင့်တစ်ခုပေါင်းထားခြင်းတို့ကို မပြုလုပ်နိုင်ပါ။ ဆုတစ်ခုချင်းစီ၏ သက်တမ်းအလိုက် သီးခြားစီအားဖြင့် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

**(3) Buy Packs & Win (ပက်ကေ့ချ်ဝယ်ကာ ကံစမ်းပါ)**

- ပါဝင်သူများသည် MPT ၏ ကြိုက်နှစ်သက်ရာချန်နယ်တစ်ခုခုကို အသုံးပြု၍ ပက်ကေ့ချ်များကို ဝယ်ယူပါက ကံစမ်းခွင့်လက်မှတ်များ ရရှိမည်ဖြစ်ပါသည်။ အဆိုပါ ကံစမ်းခွင့်လက်မှတ်များအား ပရိုမိုးရှင်း၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကံစမ်းမဲစနစ်အရ လစဉ်ဆုများ (Monthly Prizes) နှင့် အထူးဆုကြီး (Grand Prize) တို့အား ရရှိနိုင်ရန် ရွေးချယ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရှိ နိုင်ရန် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။
- ပါဝင်သူများသည် သတ်မှတ်ထားသော ပက်ကေ့ချ်ကို ဝယ်ယူမှုတိုင်းအတွက် ဖော်ပြထားသည့် ကံစမ်းခွင့်လက်မှတ်အရေအတွက်များကို ရရှိမည်ဖြစ်ပါသည်။
- အောက်ပါဇယားတွင် ဖော်ပြထားသောပတ်ကေ့ချ်နှုန်းထားများအပေါ်မူတည်၍ သတ်မှတ်ထားသော ကံစမ်းခွင့်လက်မှတ် အရေအတွက်ကို ရရှိမည်ဖြစ်ပါသည်။

| ပတ်ကေ့ချ်နှုန်းထားများ (ကျပ်) | ကံစမ်းခွင့်လက်မှတ် အရေအတွက် |
|---|---|
| <= ၉၉၆ | ၁ |
| ၉၉၇ ~ ၂၀၀၀ | ၃ |
| ၂၀၀၁ ~ ၃၀၀၀ | ၅ |
| ၃၀၀၁ ~ ၅၀၀၀ | ၁၀ |
| ၅၀၀၁ ~ ၁၀၀၀၀ | ၁၅ |
| ၁၀၀၀၁ ~ ၂၀၀၀၀ | ၂၀ |
| >၂၀၀၀၀ | ၃၀ |

- တစ်ပါးသူ၏ ဖုန်းနံပါတ်များအတွက် ပတ်ကေ့ချ်ဝယ်ယူပေးခြင်းအတွက် အဆိုပါကဲ့သို့ ပက်ကေ့ချ် ဝယ်ယူပေးခြင်းခံရသည့် ဖုန်းနံပါတ်များအတွက်သာလျှင် ကံထူးခွင့်လက်မှတ်များရရှိနိုင်မည် ဖြစ်ပါသည်။
- ပထမလအတွက် လက်ခံရရှိသည့် ကံထူးခွင့်လက်မှတ်များသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၃၀) ရက်နေ့အထိတာကာလအတွက် ကံထူးရှင်ဖြစ်နိုင်မည့် လက်မှတ်များ ဖြစ်သည်။ ဒုတိယလအတွက် လက်ခံရရှိသည့်ကံထူးခွင့်လက်မှတ်များသည် ၂၀၂၆ ခုနှစ်၊ မေလ၊ (၁)

ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ၊ (၃၁) ရက်နေ့အထိတာကာလအတွက် ကံထူးရှင်ဖြစ်နိုင်မည့် လက်မှတ်များဖြစ်ပါသည်။ တတိယလအတွက် လက်ခံရရှိသည့်ကံထူးခွင့်လက်မှတ်များသည် ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၁) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၃၀) ရက်နေ့အထိတာကာလအတွက် ကံထူးရှင်ဖြစ်နိုင်မည့်လက်မှတ်များဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်သူများသည် အစီအစဉ်၏ ပထမလ၊ ဒုတိယလနှင့် တတိယလတို့တွင် သီးခြားစီ ဆုကံထူးရရှိနိုင်ကြမည်ဖြစ်ပါသည် (ပထမလ၊ ဒုတိယလနှင့် တတိယလတို့ကို စုပေါင်း၍ "**ပရိုမိုးရှင်းလများ**" ဟုရည်ညွှန်းပါမည်)။ ပရိုမိုးရှင်းလများအတွင်း ကံစမ်းခွင့်လက်မှတ်လက်ခံရရှိထားသည့် ပါဝင်ဆောင်ရွက်သူများသည် ပရိုမိုးရှင်းလများအတွက် အပိုဒ် ၆.၁ တွင် ဖော်ပြထားသည့် ဆုများအား ရရှိနိုင်မည့် အခွင့်အရေးကို ရရှိမည်ဖြစ်ပါသည်။

**၆။ ဆုများ**

၆.၁။ အပိုဒ် ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပါဝင်ဆောင်ရွက်သူများမှ အောက်ဖော်ပြပါဆုများ ("**ဆုများ**") အား ကံထူးနိုင်မည့်လက်မှတ်များကို ရရှိနိုင်မည်ဖြစ်သည်။

| ပရိုမိုးရှင်းလများ | ဆုများ | အရေအတွက် |
|---|---|---|
| ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၃၀) ရက်နေ့အထိ ("**ပထမလ**") | ကျပ်သိန်း (၃၀) ဆု - (၅)ဆု<br>iPhone 17 ဆု - (၁) ဆု | ၆ |
| ၂၀၂၆ ခုနှစ်၊ မေလ၊ (၁) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ၊ (၃၁) ရက်နေ့အထိ ("**ဒုတိယလ**") | ကျပ်သိန်း (၃၀) ဆု - (၅)ဆု<br>iPhone 17 ဆု - (၁) ဆု | ၆ |
| ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၁) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၃၀) ရက်နေ့အထိ ("**တတိယလ**") | ကျပ်သိန်း (၃၀) ဆု - (၅)ဆု<br>iPhone 17 ဆု - (၁) ဆု | ၆ |
| ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၃၀) ရက်နေ့အထိ ("**ပရိုမိုးရှင်းသက်တမ်းကာလ**") | EV ကားသစ် (၁) စီး | ၁ |
| | စုစုပေါင်း | ၁၉ |

**မှတ်ချက်။** တည်ဆဲဥပဒေများပြောင်းလဲခြင်း၊ အစိုးရမူဝါဒ (သို့မဟုတ်) လုပ်ထုံးလုပ်နည်းဆိုင်ရာကန့်သတ်ချက်များကြောင့် ဆုကြေးများ/အထူးဆုကြီးများ၊ လက်ဆောင်ပစ္စည်းများ (သို့မဟုတ်) ပရိုမိုးရှင်းပစ္စည်းများကို ပေးအပ်ရန်နှောင့်နှေးကြန့်ကြာခြင်း (သို့မဟုတ်) ပေးအပ်နိုင်ခြင်းမရှိခြင်းတို့အတွက် MPT တွင် တာဝန်ရှိမည်မဟုတ်ပါ။ MPT ၏ တာဝန်ဝတ္တရားများသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပါဝင်သူများမှ နားလည်သဘောတူညီပြီးဖြစ်ရမည်။ ထို့ပြင် အဆိုပါအစိုးရ၏ စည်းမျဉ်းသတ်မှတ်ချက်များအရ MPT အနေဖြင့် ပရိုမိုးရှင်းကို ပြင်ဆင်ပြောင်းလဲပိုင်ခွင့်ရှိပြီး၊ ထိုသို့ဆောင်ရွက်ခြင်းအတွက် MPT အား မည်သည့်လျော်ကြေးမှုပေးရန် တာဝန်မရှိစေရ။

## ၇။ ကံထူးရှင်များရွေးချယ်ခြင်း

၇.၁။ ကံထူးရှင်များအား ပရိုမိုးရှင်းလတစ်လစီအတွက် လစဉ်ဆုများ/အထူးဆုကြီးအား ရွေးချယ်သွားမည်ဖြစ်သောကြောင့် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ပရိုမိုးရှင်းသက်တမ်းကာလအတွင်း ပတ်ကေ့ချ်များဝယ်ယူခြင်းအား ပိုမိုပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၇.၂။ သက်ဆိုင်ရာပရိုမိုးရှင်းလတစ်ခုခုတွင် ကံထူးထားသူအနေဖြင့်လည်း နောက်လာမည့်ပရိုမိုးရှင်းလများ၌ ဆက်လက်ပါဝင်ကံစမ်းနိုင်ပြီး လစဉ်ဆုများ/အထူးဆုအား ကံထူးနိုင်မည့်အခွင့်အရေးကို ရရှိနိုင်မည်ဖြစ်ပါသည်။

၇.၃။ ကံထူးရှင်များအား ကျပန်းရွေးချယ်သွားမည်ဖြစ်ပြီး ကံထူးရှင်တစ်ဦးချင်းစီကိုလည်း ဆုတစ်ခုချင်းအလိုက် ဖုန်းခေါ်ဆို၍ အကြောင်းကြားပေးသွားမည်ဖြစ်သည်။ ကံထူးရှင်ဖြစ်လာနိုင်မည့်သူများအား MPT မှ ဖုန်း (၃) ကြိမ်ခေါ်ဆိုသွားမည်ဖြစ်ပြီး ကံထူးရှင်ဖြစ်လာနိုင်မည့်သူမှ အဆိုပါ (၃) ကြိမ် ဖုန်းခေါ်မှုများအနက်မှ ဖုန်းခေါ်ဆိုမှုတစ်ခုခုအား လက်ခံဖြေကြားခြင်းမပြုပါက အဆိုပါပုဂ္ဂိုလ်အား ပရိုမိုးရှင်းမှ ဖယ်ထုတ်သွားမည်ဖြစ်ပြီး MPT မှ အဆိုပါရွေးချယ်မည့်ဆုအတွက် အခြားသောကံထူးရှင်တစ်ဦးအား ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

## ၈။ ကံထူးရှင်များအား အကြောင်းကြားခြင်း

၈.၁။ MPT အနေဖြင့် ကံထူးရှင်များအား သက်ဆိုင်ရာ ပရိုမိုးရှင်း လအတွက် ကံထူးရှင် ရွေးချယ်မှု အပြီးတွင် MPT ၏ တရားဝင် Facebook Page၊ Telegram၊ Viber နှင့် MPT Website တို့ မှတဆင့် ကြေညာပေးသွားမည်ဖြစ်ပါသည်။

## ၉။ ဆုအား အသုံးပြုခြင်း

၉.၁။ လစဉ်ဆုများ/အထူးဆုကြီးအား သတ်မှတ်ဖော်ပြထားသည့်အတိုင်း ထုတ်ယူရမည်ဖြစ်သည်။

၉.၂။ လစဉ်ဆုများ/အထူးဆုကြီးအား အခြားသောအရာတစ်ခုခုဖြင့် လဲလှယ်ယူ၍မရပါ၊

၉.၃။ အပိုဒ် ၆ တွင် ဖော်ပြထားသည့်အရာများမှလွဲ၍ အခြားသောကုန်ကျစရိတ်များအား ကံထူးရှင်များမှ အလုံးစုံကျခံရမည်။

၉.၄။ ကံထူးရှင်များအနေဖြင့် လက်ခံရရှိသောဆုများ/အထူးဆုနှင့်စပ်လျဉ်း၍ ကျသင့်သောအခွန်အခများအားလုံး (ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် အခြားသောအလားတူအခွန်များ) ကို ကျခံပေးဆောင်ရမည်။

၉.၅။ ဤပရိုမိုးရှင်းနှင့် သက်ဆိုင်သည့် MPT ၏ဆုံးဖြတ်ချက်သည် ဆုအမျိုးအစားနှင့် ပတ်သက်၍သော် လည်းကောင်း၊ ကံထူးရှင်များအား ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း မည်သည့်အခြေအနေတွင်မဆို နောက်ဆုံးပိတ်အတည်ဖြစ်သည်ဟုမှတ်ယူရမည်။ နောက်ထပ်အသနားခံခြင်း၊ စုံစမ်းခြင်း (နှင့်/သို့မဟုတ်) အဆက်အသွယ်လုပ်ခြင်းတို့အား လက်သင့်ခံမည်မဟုတ်ပါ။

## ၁၀။ ကံထူးရှင်များ/ပါဝင်သူများနှင့်စပ်လျဉ်း၍ အရည်အချင်းပျက်ယွင်းမှု

၁၀.၁။ MPT အနေဖြင့် ကံထူးရှင်တစ်ဦးဦး (သို့မဟုတ်) ပါဝင်သူတစ်ဦးဦးအား သာမန်မဟုတ်သော (သို့မဟုတ်) သံသယဖြစ်ဖွယ်ရှိသော လုပ်ဆောင်မှုများ အား/နှင့် လုပ်ဆောင်သည် (သို့မဟုတ်) ဆက်စပ်မှုရှိနေသည်ဟု သံသယရှိပါက ကြိုတင်အသိပေးအကြောင်းကြားမရှိဘဲ နှင့်သော်လည်းကောင်း၊ အကြောင်းပြချက် တစ်စုံတစ်ရာ ပေးခြင်းမရှိဘဲနှင့်သော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်နိုင်သည်။

၁၀.၂။ MPT အနေဖြင့် ကံထူးရှင်များအား ရွေးချယ်ပြီးဖြစ်သည့်တိုင်အောင် MPT မှ သတ်မှတ်ထားသည့် လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းမရှိပါက အဆိုပါပါဝင်ဆောင်ရွက်သူ မည်သူ့ကိုမဆို ကံထူးရှင်စာရင်းမှ ပယ်ဖျက်ခွင့်ရှိသည်။

## ၁၁။ ဈေးကွက် နှင့် ပရိုမိုးရှင်း

ဤပရိုမိုးရှင်းတွင် ပါဝင်သူများအနေဖြင့် ပရိုမိုးရှင်း၊ ဈေးကွက်၊ ကြော်ငြာ၊ MPT ၏ ထုတ်ကုန်များ (သို့မဟုတ်) ဝန်ဆောင်မှုများအား အရောင်းမြှင့်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော (သို့မဟုတ်) ပရိုမိုးရှင်းနှင့် သက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အဆိုပါပါဝင်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ (ပါဝင်သူတို့၏ ဗွီဒီယိုများ သို့မဟုတ်/နှင့် ဓာတ်ပုံများအပါအဝင်) အား MPT မှ ကောက်ယူခွင့်၊ အသုံးပြုခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဝေမျှခွင့်ပေးခြင်း၊ MPT မှ အသိအမှတ်ပြုထားသည့် ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာတတိယလူပုဂ္ဂိုလ်များအား အဆိုပါအချက်အလက်များကို ထုတ်ဖော်ပြောဆိုခွင့်ပြုရန် သဘောတူညီ ရမည်။

## ၁၂။ အာမခံအကာအကွယ်ပေးမှု

လူကြီးမင်းအနေဖြင့် (၁) ဤပရိုမိုးရှင်းတွင် ပါဝင်ခြင်းနှင့် ဝင်ရောက်ကြည့်ရှုခြင်း (သတင်းအချက် အလက်များ (သို့မဟုတ်) ပေးပို့လွှဲပြောင်းပေးပို့သော (သို့မဟုတ်) လက်ခံရရှိသောအရာများအပါအဝင်)၊ (၂) ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ချိုးဖောက်ခြင်း (ကိုယ်စားပြုခြင်းများနှင့် အာမခံခြင်းများ နှင့်စပ်လျဉ်း၍ လူကြီးမင်း၏ ချိုးဖောက်မှုတစ်ရပ်ရပ်အပါအဝင်)၊ (၃) တတိယလူပုဂ္ဂိုလ်တစ်ဦးဦးနှင့်စပ်လျဉ်း၍ ဖောက်ဖျက်ကျူးလွန်ခြင်း (မူဝါဒဆိုင်ရာအခွင့်အရေး၊ လူအများနှင့်သက်ဆိုင်သည့် အခွင့်အရေးများ (သို့မဟုတ်) အသိဉာဏဆိုင်ရာပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့်အခွင့်အရေးများအပါအဝင်)၊ (၄) မြန်မာနိုင်ငံ (သို့မဟုတ်) အခြားတိုင်းပြည်

တစ်ခုခု၏ ဥပဒေ၊ စည်းမျဉ်း (သို့မဟုတ်) လုပ်ထုံးလုပ်နည်းတစ်ခုခုအား ချိုးဖောက်ခြင်း၊ (၅) အစီအစဉ်မှတဆင့် ပေးပို့သော (သို့မဟုတ်) လက်ခံရရှိသော သတင်းအချက်အလက်တစ်ခုခု၏ အကျိုးဆက်မှဖြစ်ပေါ်လာသည့် တောင်းဆိုမှု (သို့မဟုတ်) နစ်နာမှုများ၊ နှင့်/သို့မဟုတ် (၆) လူကြီးမင်း၏ (မှတ်ပုံတင်ထားသော (သို့) မှတ်ပုံတင်ထားခြင်းမရှိသော) ဖုန်းနံပါတ်မှတဆင့် ဤအစီအစဉ်အား အခြားသူတစ်ဦးဦး၏ ဝင်ရောက်အသုံးပြုမှု စသည်တို့မှ ပေါ်ပေါက်လာသော တောင်းဆိုမှုများ၊ နစ်နာမှုများ၊ တာဝန်ရှိမှုများ၊ ဆုံးရှုံးမှုများ၊ တာဝန်ဝတ္တရားများ၊ ကုန်ကျစရိတ်များ (သို့မဟုတ်) ကြွေးမြီများနှင့် အသုံးစရိတ်များ (ရှေ့နေခများ အပါအဝင်) နှင့်စပ်လျဉ်း၍ MPT နှင့် MPT ၏ လက်အောက်ခံများ၊ အကျိုးတူပူးပေါင်း လုပ်ဆောင်သည့်မိတ်ဖက်၊ ကိုယ်စားလှယ်များ၊ မန်နေဂျာများနှင့် အခြားသောအုပ်စုအဖွဲ့ဝင်ကုမ္ပဏီများနှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ကိုယ်စားလှယ်များ၊ အရာရှိများနှင့် ဒါရိုက်တာများအား ထိခိုက်မှုမရှိအောင် အကာအကွယ်ပေးရန် သဘောတူညီရမည်။

**၁၃။ အာမခံမှုများနှင့်စပ်လျဉ်း၍ မသက်ဆိုင်ကြောင်းရှင်းလင်းခြင်း နှင့် တာဝန်ရှိမှုအား ကန့်သတ်ခြင်း**

၁၃.၁။ ဤပရိုမိုးရှင်းနှင့် ဤပရိုမိုးရှင်းတွင်ပါဝင်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဖ်ဝဲလ်များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသော နည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့်အရာများအား အရှိအတိုင်းနှင့် ရရှိနိုင်သည့်ပုံစံအတိုင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ MPT အနေဖြင့် ပရိုမိုးရှင်းဆောင်ရွက်ခြင်း (သို့မဟုတ်) သတင်းအချက် အလက်များ (သတင်းအချက်အလက်များ၏ တိကျသေချာမှု၊ ပါဝင်သည့်အရာ၊ အကြောင်းအရာ၊ ထုတ်ကုန်များ (ဆော့ဝဲများအပါအဝင်) (သို့မဟုတ်) ပရိုမိုးရှင်းအစီအစဉ်မှတဆင့် လူကြီးမင်းအား ရရှိနိုင်အောင် ပြုလုပ်ပေး ထားသည့်အရာများနှင့်စပ်လျဉ်း၍ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သို့သော ကိုယ်စားပြုခြင်း (သို့မဟုတ်) အာမခံခြင်းမျိုးမျှ ပြုလုပ်မည်မဟုတ်ပါ။ လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်းတွင် ပါဝင်ခြင်းသည် လူကြီးမင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပါဝင်ခြင်းဖြစ်ကြောင်း အတိအလင်းသဘောတူညီထားပြီးဖြစ်ပါသည်။

၁၃.၂။ ပရိုမိုးရှင်းတွင် ပါဝင်ဆောင်ရွက်ခြင်း၊ (သို့မဟုတ်) ဤပရိုမိုးရှင်းတွင်ပါဝင်သည့် သတင်းအချက် အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဖ်ဝဲလ်များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသော နည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့်အရာများ (တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ဆိုင်၍ဖြစ်စေ၊ ပြစ်ဒဏ်ပေးခြင်းကြောင့်ဖြစ်စေ၊ အကျိုးဆက်တစ်ခုခုကြောင့် ဖြစ်စေ ရရှိသည့်နစ်နာမှုများအပါအဝင်) မှပေါ်ပေါက်လာသည့် နစ်နာမှုများအားလုံးအတွက် MPT အနေဖြင့် တာဝန်ရှိမည်မဟုတ်ပါ။

၁၃.၃။ ဤပရိုမိုးရှင်းတွင် ပါဝင်ခြင်းအားဖြင့် အစီအစဉ်နှင့်စပ်လျဉ်း၍ တိုက်ရိုက် (သို့မဟုတ်) အကျိုးဆက် ကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ နစ်နာမှုများ (သို့မဟုတ်) တာဝန်ရှိမှုများနှင့် နောက်ဆက်တွဲ ကိစ္စရပ်များကြောင့် ပေါ်ပေါက်လာသည့် တောင်းဆိုမှုများ၊ လိုအပ်ချက်များ၊ အခွင့်အရေးများ၊ အခြားသော သဘော သဘာဝအရဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် MPT အား အဆိုပါကဲ့သို့ဖြစ်နိုင်ချေရှိသည်များအား အကြံပြုခဲ့ခြင်းရှိခဲ့လျှင်သော်တောင်မှ (ဆုအားအသုံးပြုခြင်းမှပေါ်ပေါက်လာသော သို့မဟုတ် ဆုအားအသုံးပြုခြင်း

နှင့်သက်ဆိုင်သည့် ပရိုမိုးရှင်းတွင် ပါဝင်ဆောင်ရွက်နေစဥ်အတွင်း လူတစ်ဦးတစ်ယောက်အား ထိခိုက်မှု (သို့မဟုတ်) ပစ္စည်းတစ်ခုခုပေါ်တွင် ဖြစ်ပေါ်စေသည့်ထိခိုက်နစ်နာမှုတို့အပါအဝင်) တာဝန်ရှိမှုမှကင်းလွတ်ခွင့် ပြုပြီး အာမခံပေးလျော်မည်ဖြစ်ကြောင်း လူကြီးမင်းမှ သဘောတူညီပါသည်။

၁၃.၄။ သက်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် အဆုံးစွန်ဆုံးအတိုင်းအတာအထိ အတိအလင်း (သို့မဟုတ်) သွယ်ဝိုက်၍ ဖြစ်သောအာမခံမှုများအားလုံး (သီးခြားရည်ရွယ်ချက်တစ်ခုအတွက် ကုန်သွယ်နိုင်မှုနှင့် ကြံ့ခိုင်မှု နှင့်စပ်လျဥ်းသည့် တိုက်ရိုက်မဟုတ်သည့် အာမခံမှုများအပါအဝင်) တို့သည် MPT နှင့်သက်ဆိုင်ခြင်း မရှိကြောင်း ငြင်းဆိုပါသည်။

၁၃.၅။ ဤပရိုမိုးရှင်းတွင်ပါဝင်သည့် အရောင်းမြှင့်တင်မှုများ၊ သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ် များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသော နည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင် ပြုလုပ်ပေးထားသည့်အရာများ၊ MPT ၏ ဆာဗာများ (သို့မဟုတ်) MPT မှ ပေးပို့သည့် အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်မှုများအားလုံးတို့သည် ဗိုင်းရပ်စ်များကင်းဝေးပါသည် (သို့မဟုတ်) အန္တရာယ် ဖြစ်စေနိုင်သောအရာများပါဝင်ခြင်းမရှိပါဟု MPT မှ အာမခံမည်မဟုတ်ပါ။

**၁၄။ တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှု**

ဤပရိုမိုးရှင်းတွင် တတိယလူပုဂ္ဂိုလ်တို့ထံမှရရှိသော (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့မှ ထောက်ပံ့ပေးသည့် အကြောင်းအရာများ ("**တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများ**") စုပေါင်းပါဝင်နိုင်ပါသည်။ ထို့ကြောင့် အဆိုပါ တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများ (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများနှင့်ဆက်စပ်နေသည့် လင့်ခ်ချထားသည့် ဝက်ဘ်ဆိုက်များနှင့်စပ်လျဥ်း၍ MPT ၌ တာဝန်ရှိမည်မဟုတ်ပါ။ တတိယလူပုဂ္ဂိုလ် တို့နှင့်စပ်လျဥ်းသည့် သတင်းအချက်အလက်များ၊ ထုတ်ကုန်များ (သို့မဟုတ်) ဝန်ဆောင်မှုများ အား MPT မှ တဆင့် ထောက်ခံချက်ပေးခြင်း၊ အာမခံပေးခြင်း (သို့မဟုတ်) အကြံပြုထောက်ခံချက်ပေးခြင်း ဖြစ်သည်ဟု မှတ်ယူခြင်း (သို့မဟုတ်) အဓိပ္ပာယ်သက်ရောက်စေခြင်းမရှိစေရ။

**၁၅။ အထွေထွေ**

၁၅.၁။ တတိယလူပုဂ္ဂိုလ်တို့နှင့်စပ်လျဥ်းသည့် စည်းကမ်းချက်များသည် ရရှိမည့်ဆု/အထူးဆုအပေါ်၌ သင့်လျော်သလို အကျိုးသက်ရောက်မှုရှိစေရမည်။

၁၅.၂။ ဤစည်းကမ်းချက်များသည် https://mpt.com.mm/mm/about-home-mm/terms-and-conditions-mm/ တွင် တွေ့ရှိနိုင်သည့် MPT ၏ နောက်ဆုံးပြဌာန်းထားသည့် အထွေထွေစည်းကမ်းသတ်မှတ်ချက်များ ("**အထွေထွေစည်းကမ်းချက်များ**") နှင့်အညီဖြစ်ရမည်။ ဤစည်းကမ်းချက်များနှင့် အထွေထွေစည်းကမ်းချက်များ အကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက ဤစည်းကမ်းချက်ပါအချက်များကသာ လွှမ်းမိုးအတည်ဖြစ်ရမည်။

၁၅.၃။ ဤစည်းကမ်းချက်များသည် မြန်မာနိုင်ငံ၏ဥပဒေများ၊ တရားရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း တစ်ခုခုမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ (သို့မဟုတ်) အမိန့်များနှင့်အညီ ဖြစ်ရမည်။

၁၅.၄။ စည်းကမ်းချက်၊ သဘောတူညီမှု (သို့မဟုတ်) ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တရားရုံးတစ်ရုံးရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ တရားမဝင်ဖြစ်ခြင်း၊ အကျုံးဝင်သက်ဆိုင်မှုမရှိတော့ခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ဆောင်၍ မရနိုင်တော့ခြင်းဖြစ်လာခဲ့ပါက ဤစည်းကမ်းချက်များပါ ကျန်ရှိသည့်ပြဋ္ဌာန်းချက် (သို့မဟုတ်) လူတစ်ဦး တစ်ယောက်နှင့်သက်ဆိုင်သည့် အဆိုပါ စည်းကမ်းချက်၊ သဘောတူညီမှု (သို့မဟုတ်) ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်စပ်လျဥ်းသည့် အသုံးချမှု (အကျုံးဝင်သက်ဆိုင်တော့ခြင်းမရှိသည့် သို့မဟုတ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်သူများအပေါ်တွင်မှတပါး) အား ထိခိုက်မှုမရှိစေရ။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ခုစီတိုင်းသည် ဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် အဆုံးစွန်ဆုံးအတိုင်းအတာအထိ အကျုံးဝင် သက်ဆိုင်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

၁၅.၅။ ဤစည်းကမ်းချက်များနှင့်စပ်လျဥ်း၍ အင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်များနှင့် မြန်မာဘာသာပြဋ္ဌာန်းချက်များ အကြား အငြင်းပွားမှုဖြစ်ပေါ်ပါက မြန်မာဘာသာပြန်ဆိုထားသည့်ပြဋ္ဌာန်းချက်ကသာလျှင် လွှမ်းမိုးအတည်ဖြစ်စေ ရမည်။